


စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၊ ဘုံတိုကျေးရွာတွင် စက်တပ်လေထီး*(ပါရာမော်တာ)* တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးသွားသည့် ကျောင်းဟုဖော်ပြသည့် အဆောက်အဦး။ *(ရင်းမြစ် - Facebook/Mandalay Free Press)*

---

# လူများသေဆုံးစေခဲ့သော မီးထွန်းသပိတ် - စစ်ကိုင်းတွင် စက်တပ်လေထီး (ပါရာမော်တာ) ဖြင့် တိုက်ခိုက်မှု

သတိပေးချက် - ဤအစီရင်ခံစာတွင် စိတ်မချမ်းမြေ့ဖွယ်ရာ အကြောင်းအရာများနှင့် ပုံများပါဝင်သည်။ စာဖတ်သူများ ထိခိုက်မှုနည်းအောင် ဖုံးကွယ်ခြင်းများပြုလုပ်ထားသော်လည်း အချို့သောစာဖတ်သူများကို ထိခိုက်စေနိုင်သည့် အကြောင်းအရာများပါဝင်နိုင်သည်။

ဘုံတိုကျေးရွာမှ သီတင်းကျွတ်မီးထွန်းပွဲတော်အား စက်တပ်လေထီး(ပါရာမော်တာ) ဖြင့် တိုက်ခိုက်မှုကြောင့် လူများသေဆုံးခဲ့ပြီး လူနေအိမ်များနှင့် စာသင်ကျောင်းထိခိုက်ပျက်စီးခဲ့ကြောင်း သတင်းဖော်ပြမှုများ တွေ့ရှိခဲ့သည်။

၂၀၂၅ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့ ညနေပိုင်းတွင် မြန်မာစစ်တပ်၏ အရေးပါသည့် တပ်ဌာနချုပ်တစ်ခုဖြစ်သည့် မုံရွာအခြေစိုက် အနောက်မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်ရှိ ဘုံတိုကျေးရွာ အား လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်ဟု ဖော်ပြထားသည်။ ဖော်ပြပါတိုက်ခိုက်မှုသည်

ဘုံတိုကျေးရွာနှင့် အနီးနားမှရွာများရှိ ရွာသူရွာသားများ မီးထွန်းပွဲတော် ကျင်းပနေသည့် သီတင်းကျွတ်လပြည့်နေ့နှင့် တိုက်ဆိုင်နေသည်။

ဒေသစံတော်ချိန် ၂၀း၀၀ အချိန်ခန့်တွင် စက်တပ်လေယာဉ် (ပါရာမော်တာ) နှစ်စီးဖြင့် လူအုပ်စုထဲသို့ ၁၂၀ မမ ဗုံးများ ကြဲချ ခဲ့သည့်ဟုဖော်ပြသည်။ ထိုတိုက်ခိုက်မှုကြောင့်ထိခိုက်ဒဏ်ရာရသူများကို ကူညီကယ်ထုတ်ပေးနေစဉ် ၂၃း၀၀ နာရီအချိန်၌ ဒုတိယအကြိမ် ထပ်မံတိုက်ခိုက်ခဲ့သည်ဟု ဒေသတွင်းမီဒီယာတစ်ခုဖြစ်သည့် Red Peacock မှ ဖော်ပြထားသည်။

ထိခိုက်မှုများနှင့် ပတ်သက်ပြီး ကလေးငယ်သုံးဦးနှင့် အမျိုးသမီးနှစ်ဦး အပါအဝင် ၁၉ ဦးခန့်သေဆုံးခဲ့ကာ ၄၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့သည်ဟု အမျိုးသားညီညွတ်ရေးအစိုးရ၏ လူ့အခွင့်အရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ ဖြစ်စဉ်ဖြစ်ပွားပြီးနောက်နေ့များတွင် သေဆုံးသူဦးရေ ထပ်မံတိုးလာသည်ဟု ဒေသခံများက ဖော်ပြကြသည်။


အဆိုပါသီတင်းကျွတ်မီးထွန်းပွဲတော်သည် အောက်တိုဘာလ ၆ ရက်နေ့တွင် နိုင်ငံတဝန်း ကျင်းပသည့် နိုင်ငံရေး အ ကျဉ်းသားများ လွတ်မြောက်ရေးတောင်းဆိုမှု၊ စစ်မှုထမ်းဥပဒေနှင့် မကြာခင်ကျင်းပမည့် ရွေးကောက်ပွဲတို့အား ဆန့်ကျင်ဆန္ဒပြသည့် မီးထွန်းသပိတ်၏ အစိတ်အပိုင်းဖြစ်သည်ဟု ဖော်ပြကြသည်။

ဤဖြစ်စဉ်မတိုင်မီ မြန်မာနိုင်ငံအတွင်း စက်တပ်လေထီး(ပါရာမော်တာ)ဖြင့် တိုက်ခိုက်မှုဖြစ်စဉ် ၇၈ ခုကို Myanmar Witness မှ မှတ်တမ်းတင်ထားသည်။

စုံစမ်းစစ်ဆေးမှု

နေရာအတည်ပြုသတ်မှတ်ခြင်း

ဘုံတိုကျေးရွာမှ ထိခိုက်ပျက်စီးမှုများကို ဖော်ပြသည့် သတင်းရုပ်သံများကို Myanmar Witness မှ စစ်ဆေး အတည်ပြုခဲ့သည်။ Mandalay Free Press နှင့် Upper Burma News Agency တို့၏ ရုပ်သံများ အပါအဝင် မတူညီသော အရင်းအမြစ်များစွာ၏ ရုပ်သံများအား စစ်ဆေးခဲ့ပြီး နေရာကို ကိုသြဒိနိတ်အမှတ် [21.964376, 95.173408]တွင် ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည် (ပုံ -၁)။


MFP
Mandalay Free Press
ဓာတ်ပုံ-ပေးပို့
MFP
Mandalay Free Press
Google Earth/Airbus © 2025
Sentinel Hub/EO Browser

ပုံ -၁ လိမ္မော်ရောင်ဖြင့် ပြထားသည့် အဆောက်အဦ *[21.964376, 95.173408]* ပျက်စီးသွားသည်ကို အတည်ပြုထားသည်။ *(သတင်းရင်းမြစ် Facebook/Mandalay Free Press)*

[Upper Bruman News Agency](#) မှ ဘုံတိုကျေးရွာတွင်ပြုလုပ်နေသည့် မီးထွန်းပွဲတော်၏ တိုက်ခိုက်မှုဖြစ်စဥ် မဖြစ်ပွားမီနှင့် ဖြစ်ပွားပြီးအခြေအနေဟု ဖော်ပြထားသော ဗီဒီယိုနှစ်ခုကို Myanmar Witness မှ စိစစ်ခဲ့ပါသည်။ ထိုစိစစ်ချက်များအရ ကိုက်ညီမှုနှစ်ခုကို မြင်တွေ့ရသည် - ဖြစ်စဥ်မဖြစ်ပွားမီနှင့် ဖြစ်ပွားပြီးအချိန်ရိုက်ကူးထားသော ဗီဒီယိုနှစ်ခုလုံးတွင် စာသင်ကျောင်းအဆောက်အအုံနှင့် ကျောင်းဝင်း ဝင်ပေါက်တို့ကိုမြင်နိုင်သည်။ ညအချိန်ရိုက်ကူးထားခြင်းဖြစ်သောကြောင့် ကြည်လင်ပြတ်သားမှုအားနည်းသော်လည်း အထက်ဖော်ပြပါတိုက်ခိုက်မှုဖြစ်ပွားခဲ့သည့် နေရာနှင့် တနေရာတည်း ဖြစ်သည်ဟု Myanmar Wintess မှ ကောက်ချက်ချပါသည်။




ပုံ - ၂ မီးထွန်းသပိတ်အားတိုက်ခိုက်မှုဖြစ်စဥ်မဖြစ်ပွားမီနှင့် ဖြစ်ပွားပြီးပုံ *(သတင်းရင်းမြစ် [အပေါ်ဘယ် နှင့်ညာ]* [*Upper Burma News Agency*](#) *[အောက်ဘယ်]* [*Mandalay Free Press*](#) *[အောက်ညာ]* [*Upper Burma News Agency*](#)*)*

တိုက်ခိုက်ခံရသည့်တည်နေရာနှင့် အချိန်ကို အတည်ပြုနိုင်ရန်အတွက် ဖြစ်စဥ်ဖြစ်ပွားပြီးနောက် ရိုက်ကူးထားသည့် ရုပ်သံများနှင့်ဓာတ်ပုံများကို Myanmar Witness မှ ထပ်မံစစ်ဆေးခဲ့သည်။ [TRT World](#), [သတိပေးချက်- စိတ်ထိ ခိုက်စေနိုင်သည့်ရုပ်ပုံများပါဝင်သည်] [Read Peacock](#) နှင့် [Khit Thit Media](#) တို့မှ ဖြစ်စဥ်ဖြစ်ပွားသည့်နေ့နှင့် ဖြစ်စဥ်ဖြစ်ပွားပြီးနောက်ရက်များတွင် မျှဝေထားသည့် ရုပ်သံများသည် နေရာတခုတည်း ဖြစ်သည်ကို တွေ့နိုင်သည် (ပုံ -၃ တွင်ကြည့်ရန်)။ အခင်းဖြစ်ပွားနေသည့် ညအချိန်တွင် ရိုက်ကူးထားသည်ဟုဆိုသော ရုပ်သံတွင် ထိခိုက်ထားသူများနှင့်

မီးတောက်များကို မြင်တွေ့နိုင်သည်။ ထို့အပြင် ဗီဒီယိုတစ်ခုတွင် ထိခိုက်ပျက်စီးနေသည့် ကျောင်းအဆောက်အအုံ တစ်ခုကိုမြင်တွေ့နိုင်ပြီး ယခင်နေရာအတည်ပြုထားသည့် ကျောင်းအဆောက်အအုံနှင့် တူညီနေသည်။




ပုံ-၃ တူညီသော အဆောက်အအုံ၏ *[အပေါ်ဘယ်နှင့်ညာ]* ဖြစ်စဉ်ဖြစ်ပွားခဲ့သည့်နေ့တွင် မျှဝေထားသည့် ပုံများနှင့် *[အောက်ဘယ်နှင့် ညာ]* ဖြစ်စဉ်ဖြစ်ပွားပြီးနောက်နေ့များတွင် မျှဝေထားသည့်ပုံများ။ *(သတင်းရင်းမြစ်- TRT World [သတိပေးချက် - စိတ်ထိခိုက်စေနိုင်သည့်ပုံများပါဝင်သည်] Red Peacock* နှင့် *Khit Thit Media)*

TRT World မှ မျှဝေထားသည့် ညအချိန်ရိုက်ထားသည့် ဗီဒီယိုနှင့် နေ့အချိန်ရိုက်ထားသည့် ဗီဒီယိုနှစ်ခုလုံး တွင် ယာဉ်အနီရောင်တစ်စီးကို မြင်တွေ့ရသည်။ ထိုယာဉ်သည် တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီးအချိန် တွင်လည်း ထိုနေရာတွင်ရှိနေသည်ကို ဖော်ပြနေသည်။ အနီးကပ်ရိုက်ထားသည့်မြင်ကွင်း တစ်ခုတွင် ထိုအနီရောင် ယာဉ်အနီး၌ ထိခိုက်ဒဏ်ရာရှိထားသူ တစ်ဦးကို မြင်တွေ့ရသည် (ပုံ - ၄ တွင်ကြည့်ရန်)။ ထို့ကြောင့် ဖြစ်စဉ်ဖြစ်ပွား သည့်နေရာတွင် ရိုက်ကူးထားခြင်းဖြစ်သည်ကို အတည်ပြုနိုင်သလို ထိခိုက်ဒဏ်ရာ ရရှိသူများသည်လည်း ထိုတိုက်ခိုက်မှုကြောင့် ဖြစ်သည်ဟု ယူဆနိုင်သည်။




ပုံ - ၄ ထိခိုက်ဒဏ်ရာရရှိထားသူတစ်ဦးနှင့်အတူ အနီရောင်ယာဉ်ကို ညအချိန်နှင့် နေ့အချိန်တွင်ပါမြင်တွေ့ရသည်။
*(သတင်းရင်းမြစ် - [သတိပေးချက်- စိတ်ထိခိုက်စေနိုင်သည့် ရုပ်ပုံများပါဝင်သည်။] Red Peacock and TRT World)*

ဤကဲ့သို့သော မတူညီသည့်အရင်းအမြစ်များမှရရှိလာသည့်  ရုပ်ပုံများ၌ တူညီချက်များရှိနေခြင်းနှင့် အတည်ပြုထား သည့် အဆောက်အအုံတည်နေရာများကြောင့် ဖော်ပြထားသည့် တိုက်ခိုက်မှုဖြစ်စဉ်သည် ကိုသြဒိနိတ် [21.964376, 95.173408]  ရှိ ဘုံတိုကျေးရွာတွင်ဖြစ်ပွားခဲ့သည့်ကို Myanmar Witness မှအတည်ပြုနိုင်ပြီး ထိခိုက်ဒဏ်ရာရှိမှု များနှင့် ပျက်စီးမှုများတွင် မြင်တွေ့နိုင်သည်။

အချိန်အားအတည်ပြုခြင်း

ယခုအချိန်အထိ ဖြစ်စဉ်ဖြစ်ပွားခဲ့သည့်နေ့ရက်ကို အတည်ပြုထားခြင်းမရှိသေးပါ။ သို့သော် ထိခိုက်ဒဏ်ရာရ ရှိမှုများ နှင့် ပျက်စီးမှုများကို ရိုက်ပြထားသည့် ရုပ်သံများကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် စတင်တွေ့ရ ပြီး People’s Spring မှ မျှဝေထားသည့် ဓာတ်ပုံအများစုတွင် ရေစာ (watermark) များအရ ထိုပုံများကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့ ဒေသစံတော်ချိန် ၁၅:၀၀ နာရီခန့်တွင် ရိုက်ကူးထားသည်ဟု ဖော်ပြထားသည်။ ဤဖော်ပြချက်များသည် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်ဆိုသည့် ပြောဆိုချက် နှင့် ကိုက်ညီမှုရှိသည်။

ထိခိုက်ပျက်စီးသွားသည့်အဆောက်အအုံသည် စာသင်ကျောင်းလား

Myanmar Witness မှ ဖြစ်စဉ်ဖြစ်ပွားမှုနှင့်ပတ်သက်သည့် ရုပ်သံများကို စိစစ်သကဲ့သို့ ဘုံတိုကျေးရွာမှ ထိခိုက်ပျက် စီးသွားသည့် အဆောက်အအုံအား ရှာဖွေနိုင်ရန်အတွက် အသုံးပြုသူများမျှဝေထားသည့် ဓာတ်ပုံ ဗီဒီယိုများကို စိစစ်ခဲ့သည်။

ရုပ်ပုံများတွင် မြင်တွေ့ရသည့်အရာများစွာမှ ထိခိုက်ပျက်စီးသွားသည့် အဆောက်အအုံသည် ကျောင်းဖြစ်သည်ကို ညွှန်ပြနေသည်။ “ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာမူလတန်းကျောင်း၊

ဘုံတိုကျေးရွာ၊ ချောင်းဦးမြို့နယ်” ဆိုသည့် ဆိုင်းဘုတ်အပါအဝင်၊ စာသင်ခန်းကဲ့သို့ အခန်းဖွဲ့စည်းပုံများ၊ စာရေးစာပွဲများနှင့် ထိုင်ခုံများသည် ပုံမှန်စာသင်ကျောင်း တစ်ခုတွင် ရှိတတ်သည့် ပုံစံများနှင့် ကိုက်ညီမှုရှိနေသည်(ပုံ ၅ နှင့် ၆)။

ဤတွေ့ရှိချက်များကြောင့် ဖော်ပြပါဘုံတိုကျေးရွာအားတိုက်ခိုက်မှုကြောင့် အရပ်သားများနှင့်သက်ဆိုင်သည့် အဆောက်အအုံတစ်ခုဖြစ်သည့် စာသင်ကျောင်းထိခိုက်ပျက်စီးခဲ့သည်ကို Myanmar Witness မှ အကဲဖြတ်သည်။




ပုံ-၅ ဖော်ပြပါတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် မျှဝေထားသည့် ဓာတ်ပုံ *(သတင်းရင်းမြစ် - People's Spring and Mandalay Free Press)*


REDMI NOTE 10 | 00
08/10/2025 15:11



ပုံ- ၆ လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်သွားသည့် စာသင်ခန်းများဟု ဖော်ပြထားပြီး ဖြစ်စဉ်ဖြစ်ပွားပြီးနောက်တစ်ရက်တွင် မျှဝေထားသည့် ပုံများ။ *(အရင်းမြစ် [အပေါ်] People's Spring နှင့် [အောက်] Khit Thit Media)*

ထိခိုက်သေဆုံးမှုများ

Myanmar Witness မှ [သတိပေးချက် - စိတ်မချမ်းမြေ့ဖွယ်ရာ ရုပ်ပုံများပါဝင်သည်] Red Peacock News နှင့် အခြားလူမှုကွန်ရက်အကောင့်များ (ပုဂ္ဂလိကအကောင့်များ) မှမျှဝေထားသည့် UGC များကို မှတ်တမ်းတင်ပြီး တိုက်ခိုက်မှုကြောင့် ထိခိုက်မှုများကို အတည်ပြုနိုင်ရန် စိစစ်မှုများ ပြုလုပ်ခဲ့သည်။ ထိခိုက်သေဆုံးသူ ၁၄ ဦးတွေ့ရပြီး ထိခိုက်သူအများစုသည် ဆန္ဒပြပွဲတက်ရောက်သူများဖြစ်သည်ဟု ဖော်ပြထားသည်။

အမျိုးသားညီညွတ်ရေးအစိုးရ၏ လူ့အခွင့်အရေးဝန်ကြီးဌာန မှ [သတိပေးချက် - စိတ်မချမ်းမြေ့ဖွယ်ရာ ရုပ်ပုံများပါဝင်သည်] တိုက်ခိုက်မှုကြောင့် ၁၉ ဦးသေဆုံးခဲ့သည်ဟု ဖော်ပြထားသည်။ ထိုအနက်

- အမျိုးသား ၁၄ ဦး (လေးဦးသည် သပိတ်ဦးဆောင်သူများဖြစ်သည်ဟု ဆိုသည်)
- ကလေး သုံးဦး (ယောက်ျားလေး နှစ်ဦးနှင့် မိန်းကလေးတစ်ဦး)
- အမျိုးသမီး နှစ်ဦး ပါဝင်သည်ဟု ဆိုသည်။

ထိုရုပ်သံတွင် စိတ်မချမ်းမြေ့ဖွယ် ထိခိုက်ဒဏ်ရာရမှုများနှင့် သေဆုံးမှုများပါဝင်သည်။ [သတိပေးချက် - စိတ်မချမ်းမြေ့ဖွယ်ရာရုပ်ပုံများပါဝင်သည်] လူ့အခွင့်အရေးဝန်ကြီးဌာနမှ အခြားထိခိုက်ဒဏ်ရာရသူ ၄၀ ဦးခန့်ရှိပြီး ၎င်းအနက် ကလေးငယ် ၂၀ ဦး၊ အမျိုးသား ၁၃ ဦးနှင့် အမျိုးသမီး ခုနစ်ဦး ပါဝင်သည်ဟုဆိုသည်။

သို့သော် Mandalay Free Press မှ တိုက်ခိုက်မှုဖြစ်စဉ်ဖြစ်ပွားခဲ့သည့်နေ့တွင် သေဆုံး ၂၀ ဦးကျော်ရှိပြီး နောက်တနေ့ (အောက်တိုဘာ ၇ ရက်)တွင် သေဆုံးသူအရေအတွက်သည် ၄၀ ကျော်အထိတိုးမြင့်လာသည်ဟု ဖော်ပြထားသည်။

ထို့အပြင် မောင်း သတင်းဖော်ပြချက်အရ သေဆုံးသူများတွင် စစ်ကိုင်းတိုင်းသပိတ်အင်အားစုနှင့် We are Pepole ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ မုံရွာအမြင့်လမ်းသပိတ်ခေါင်းဆောင်များ၊ မုံရွာနှင့်ချောင်းဦး အခြေစိုက် PDF အဖွဲ့ဝင်များပါဝင်ကြောင်း ဖော်ပြထားသည်။

Myanmar Witness မှ သေဆုံးသူများကိုရိုက်ကူးထားသည့် ဗီဒီယိုတစ်ခုကို စိစစ်ခဲ့ပြီး သေဆုံးသူများအ နက် တစ်ဦးသည် မောင်းသတင်းဖော်ပြပါ သေဆုံးသူတစ်ဦးနှင့် တူညီနေသည့်အချက်အချို့ကိုတွေ့ရသည်။ သို့သော် အတည်ပြုရန်အတွက် နောက်ထပ်စိစစ်မှုများပြုလုပ်ရန်လိုအပ်သေးသည်။

သေဆုံးသူအရေအတွက် ဆက်လက်တိုးလာသည်ဟုဖော်ပြထားသောကြောင့် Myanmar Witness အနေဖြင့် ထိခိုက်ဒဏ်ရာရရှိသူများနှင့် သေဆုံးသူအရေအတွက်ကို အတည်ပြုနိုင်ခြင်းမရှိပါ။ ထို့အပြင် UGC အကန့်အသတ် များကြောင့် မြင်တွေ့ရသော သေဆုံးသူများ သေဆုံးစေသည့်အကြောင်းအရင်းနှင့်

ဖော်ပြပါ စက်တပ်လေထီး (ပါရာမော်တာ) တိုက်ခိုက်မှုကြောင့် သေဆုံးခြင်းဖြစ်သည်ကို သီးသန့်အတည်ပြုနိုင်ခြင်းမရှိပါ။


တာဝန်ရှိသူ

မြန်မာလေတပ်၏ ပါဝင်ပတ်သက်မှုများကိုဖော်ပြကြသော်လည်း ဤဖြစ်စဉ်အတွက်တာဝန်ရှိသူကို သီးသန့်အတည်ပြု နိုင်ခြင်းမရှိပါ။

အမျိုးသားစည်းလုံးညီညွတ်ရေးအစိုးရ၏ လူ့အခွင့်အရေးဝန်ကြီးဌာနက အဆိုပါတိုက်ခိုက်မှုကို မြန်မာစစ်တပ်၏ အနောက်မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်က စက်တပ်လေထီး(ပါရာမော်တာ) ကို အသုံးပြုခဲ့သည်ဟု ပြောဆိုထားသည်။

၂၀၂၅ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ဘုံတိုကျေးရွာဖြစ်စဉ်နှင့်ပက်သက်ပြီး မြန်မာစစ်တပ်၏ ထုတ်ပြန်ချက်ကို ဒေသတွင်းမီဒီယာများနှင့် နိုင်ငံတကာသတင်းများက ဖော်ပြခဲ့သည်။ ထုတ်ပြန်ချက်တွင် လေကြောင်းတိုက်ခိုက်မှု နှင့်ပတ်သက်ပြီး တိုက်ရိုက်တာဝန်ခံမှုမျိုးဖော်ပြထားခြင်းမရှိဘဲ အကြမ်းဖက် ချေမှုန်းမှုစစ်ဆင်ရေး ဆောင်ရွက်ခဲ့ကြောင်း ဖော်ပြထားသည်။ ထိုထုတ်ပြန်ချက်၌ တိုက်ခိုက်မှုဖြစ်စဉ်ဖြစ်ပွားစဉ်တွင် PDF မှ ရှာသူရှာသားများအား လူသားဒိုင်းအဖြစ်အသုံးပြုထားကြောင်း ဖော်ပြထားသည်။ ထို့အပြင် PDF များမှ အရပ်သားများကို အတင်းအကျပ် စုဆောင်းခဲ့ပြီး ဆီမီးသပိတ်တွင် ပါဝင်ဆန္ဒပြခိုင်းခဲ့ကြောင်း စစ်တပ်မှ စွပ်စွဲထားသည်။

မြန်မာစစ်တပ်ဘက်မှ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်နှင့်ပတ်သက်ပြီး အသိအမှတ်ပြုဖော်ပြမှုမရှိသောကြောင့် တာဝန်ခံမှုများနှင့်ပတ်သက်ပြီး မသေချာမှုများရှိနေသည်။ အမျိုးသားညီညွတ်ရေးအစိုးရ၏ လူ့အခွင့်အရေး ဝန်ကြီးဌာနမှ မြန်မာစစ်တပ်အားဖြစ်နိုင်ခြေရှိသည့် ကျူးလွန်သူအဖြစ် စွပ်စွဲထားပြီး စစ်တပ်မှ ၎င်းတို့၏ ထုတ်ပြန်ချက် တွင် တရားဝင်သည့် လုံခြုံရေးလုပ်ငန်းစဉ်တစ်ခုအဖြစ် ပုံဖော်ထားသည်။ သီးခြားလွတ်လပ်သည့် စုံစမ်းစစ်ဆေးမှုများ မရှိဘဲ ဖော်ပြပါတိုက်ခိုက်မှုသည် ရည်ရွယ်ရှိရှိတိုက်ခိုက်မှုဖြစ် ခဲ့သလားဆိုသည်မှာ မရှင်းမလင်းရှိနေဆဲ ဖြစ်သည်။




ပုံ-၇ အနောက်မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်ဟုဆိုသည့် ဘုံတိုကျေးရွာတို့၏ အကွာအဝေးကို *Google Earth Pro* တွင်တွေ့ရသည် ဂြိုလ်တုဓါတ်ပုံ။ *(Google Earth, © 2025 Airbus)*

## လက်နက်အကြွင်းကျန်များ

တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက်တွင် ရိုက်ကူးထားသည့် ရုပ်သံတစ်ခုကို Myanmar Now မှ ထုတ်လွှင့်ခဲ့သည်။ ကြွင်းကျန်ကျည်ဆန် အများစုမှာ မော်တာကျည်ဆန်များ ဖြစ်သည်ကို Myanmar Witness မှ အတည်ပြုခဲ့သည်။ ပုံ-၈ (အပေါ်ပုံ) တွင် မော်တာကျည်ဆန်နှစ်ခု၏ အမြီးပိုင်းနှင့် အမြီးတောင်များကိုတွေ့မြင်ရပြီး ပုံ-၈ (အောက်ပုံ)တွင် အခြားမော်တာကျည်ဆန်တစ်ခု၏ အမြီးတောင်ကို မြင်တွေ့ရသည်။




ပုံ-၈ ဘုံတိုကျေးရွာသို့ပြုလုပ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုဟုဆိုသည့် တိုက်ခိုက်မှုမှ ကျည်ဆန်အကြွင်းကျန်များ။
*(သတင်းအရင်းမြစ် - Myanmar Now News)*

## မီးထွန်းပွဲသည် သပိတ်တစ်ခုလား

Mandalay Free Press နှင့် Red Peacock ကဲ့သို့သော သတင်းမီဒီယာများအပါအဝင် အခြားအသုံးပြုသူများမှ တင်ထားသည့် အကြောင်းအရာများကို Myanmar Witness မှ စုဆောင်းပြီး သုံးသပ်မှုများပြုလုပ် ခဲ့ပြီး သပိတ်ပြုလုပ်နေစဥ်တွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်းဖော်ပြထားကြသည်။

ထို့အပြင် လူမှုကွန်ရက်စာမျက်နှာ မျှဝေထားချက်များတွင်လည်း သပိတ်ပြုလုပ်နေစဉ်အတွင်း တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း ဖော်ပြထားကြသဖြင့် ထိုအဆိုကို ပို၍ခိုင်မာစေသည်။

Upper Burma News Agency မှ မျှဝေထားသည့် ဗီဒီယိုတွင် ဖယောင်းတိုင်များကိုင်ဆောင်ပြီး သပိတ်နှင့် ပက်သက်သည့်ကြွေးကြော်သံများ၊ သီချင်းများဆိုပြီး စုပေါင်းလာကြသည်ကိုတွေ့ရသည်။ မြန်မာနိုင်ငံအတွင်း၌ ဤကဲ့သို့သော သီတင်းကျွတ်မီးထွန်းပွဲတော်များကို ဘုန်းတော်ကြီးကျောင်းများနှင့် ဘုရားဝင်းအတွင်းတွင် ကျင်းပလေ့ရှိကြသည်။ တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့် နေရာသည် တည်ဆောက်ဆဲ ဘာသာရေးအဆောက်အအုံ သို့မဟုတ် ဘုန်းတော်ကြီးကျောင်း အနီးတွင်ဖြစ်ကြောင်း တွေ့ရသည် (ပုံ-၉)။ ထို့ကြောင့် တိုက်ခိုက်မှုဖြစ်ပွားစဉ်တွင် သပိတ်ပြုလုပ်နေဆဲဖြစ်ပြီး ဘာသာရေးဆိုင်ရာအဆောက်အအုံ အနီးတွင်ဖြစ်ပွားခဲ့နိုင်သည်ဟု Myanmar Witness မှ ကောက်ချက်ချသည်။




ပုံ-၉ သတင်းဖော်ပြမှုတွင်ပါရှိသည့် တိုက်ခိုက်မှု အနီးတွင်မြင်တွေ့ရသည့် သတင်းဖော်ပြပါ ဘာသာရေးအဆောက်အဦ။
*(သတင်းအရင်းမြစ် - Mandalay Free Press)*

## မီးထွန်းပွဲတော်သည် စစ်ရေးပစ်မှတ်လား

သတင်းဖော်ပြပါတိုက်ခိုက်မှုသည် မီးထွန်းသပိတ်ကို ရည်ရွယ်တိုက်ခိုက်ခဲ့သလားဆိုသည်ကို သိနိုင်ရန်အတွက် Myanmar Witness မှ ရရှိသမျှအချက်အလက်များကို စိစစ်ခဲ့သည်။

Myanmar Witness အနေဖြင့် မီးထွန်းပွဲတော်တွင် ပါဝင်နေသူများနှင့် လုပ်ဆောင်မှုများကို သီးသန့်အတည်မပြုနိုင်သော်လည်း ထိခိုက်ဒဏ်ရာရှိသူများနှင့် သေဆုံးသူများတွင် ကျေးရွာမှ ရွာသူရွာသားများ၊ CDM လှုပ်ရှားမှုတွင် ပါဝင်ထားသူများ၊ ဆန္ဒပြပွဲတွင်ပါဝင်သူများနှင့် ဘုံတိုကျေးရွာနှင့် အနီးနားရွာများမှ PDF အဖွဲ့ဝင်များပါသည်ဟု ဒေသခံများ၏ပြောကြားချက်ကို ကိုးကားပြီး [Mandaly Free Press](#) က ဖော်ပြထားသည်။

ထိုဖော်ပြချက်များကို အခြေခံပြီး ထိုမီးထွန်းသပိတ်သည် စစ်တပ်ကိုတော်လှန်သည့်အဖွဲ့များနှင့် ဆက်စပ်နေသည်ဟု ယူဆကာ ရည်ရွယ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟုလည်း ယူဆနိုင်သည်။ Myanmar Witness မှ စုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့သော ၂၀၂၄ ခုနှစ် ဇွန်လတွင် မင်းကင်းရွာမှ [မင်္ဂလာပွဲကို လေကြောင်းတိုက်ခိုက်မှု](#)ပြုလုပ်ခဲ့သကဲ့သို့ မြန်မာလေတပ်သည် တော်လှန်ရေးတပ်ဖွဲ့များနှင့် နီးစပ်သည်ဟုယူဆသည့် အရပ်သားများကို တိုက်ခိုက်လေ့ရှိသည်။

သတင်းဖော်ပြပါ ပါရာမော်တာ(စက်တပ်လေထီး)ဖြင့် တိုက်ခိုက်မှုဖြစ်စဉ်အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် (နလအ)(ယခင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ - နစက) စစ်ကော်မရှင်ကို ထောက်ခံသည့် ဖော်ပြမှုများပေါ်လာပြီး ဖြစ်စဉ်အား တရားမျှတလုပ်ဆောင်မှုအဖြစ် ပုံဖော်လာကြသည်။

**စစ်ကော်မရှင် ထောက်ခံသည့် Channel များ**

1. Telelgram မှ [မှိုင်းဝေ](#) ကဲ့သို့သော စစ်ကော်မရှင် ထောက်ခံသည့် channel မှ ထိုကဲ့သို့သော ဖြစ်စဉ်ဖြစ်ပွားခဲ့ခြင်းအား အသိအမှတ်ပြုဖော်ပြထားပြီး အများအပြားသေဆုံးကြောင်း ဖော်ပြထားသည် (ပုံ ၁၀)။
2. [မှိုင်းဝေ](#) channel မှ PDF ထိန်းချုပ်မှုအောက်တွင်ရှိနေသည့် အရပ်သားများမှ စုဝေးမှုအစီအစဉ်အကြောင်း စစ်ကော်မရှင်ထံ သတင်းပေးခဲ့သည်ဟု အဓိပ္ပာယ်ရသည့် နောက်ထပ် post တခု ထပ်တင်ခဲ့သည်။
3. ထို channel မှ [ပိုမိုပြင်းထန်သည့်တိုက်ခိုက်မှု](#) ပြုလုပ်သင့်ကြောင်း၊ ဗုံး နှစ်လုံး အစား ၁၀ လုံး ကြဲသင့်ကြောင်း ဖော်ပြထားသည်။
4. [မှိုင်းဝေ](#) channel မှ တိုက်ခိုက်မှုဖြစ်စဉ်တွင် သေဆုံးသွားသူများအားလုံးသည် PDF များဖြစ်ကြောင်း၊ ထို့ကြောင့် စစ်ရေးပစ်မှတ်အဖြစ် တိုက်ခိုက်ခြင်းသည် မှန်ကန်ကြောင်း စွပ်စွဲဖော်ပြထားသည်။
5. Subscriber ပေါင်း ၁၈၀,၀၀၀ ကျော်ရှိသည့် နောက်ထပ် channel ဖြစ်သည့် [Kyaw Swar](#) channel မှ မီးထွန်းပွဲသည် PDF နှင့် မြန်မာစစ်တပ်တို့ တိုက်ပွဲဖြစ်ပွားနေသည့် နေရာဖြစ်သည်ဟု ဖော်ပြထားသည်။
6. နောက်ထပ် channel တစ်ခုဖြစ်သည့် [ဘညွန့်](#) channel မှ ထိခိုက်ခံရသူများအတွက် ဆုတောင်းပေး သူများကို ဖမ်းဆီးရန်တိုက်တွန်းမှုများလည်းရှိသည်။

၎င်း channel များ၏ စွပ်စွဲပြောဆိုချက်များသည် စစ်တပ်အားအပြစ်တင်ခြင်းများမှ လမ်းလွှဲစေရန်နှင့် အရပ်သားများ၏ သေဆုံးမှုသည်လည်း တရားဝင်မှန်ကန်ပြီး အကြမ်းဖက်နှိမ်နင်းရေး လုပ်ဆောင်မှုများအတွက် လိုအပ်သည့် လုပ်ဆောင်မှုများအဖြစ် ပုံဖော်ထားကြသည်။

၎င်းကဲ့သို့သော ပြောဆိုချက်များကြောင့် online မှသတင်းအချက်အလက်များကို ပုံပြောင်းစေပြီး စိစစ်အတည်ပြုမှုများ ပြုလုပ်ရန်အတွက် ပိုမိုခက်ခဲစေသည်။ အရပ်သားသေဆုံးမှုများနှင့်ပတ်သက်ပြီး

စစ်တပ်အားပေးထောက်ခံသည့် သတင်း channel များ တိုက်ခိုက်မှုအတွက် တရားမျှတသည်ဟုပုံဖော်ရန် အတူတကွအလုပ်လုပ်ပုံကိုလည်း ပြသနေသည်။

စစ်ကော်မရှင်ကို အားပေးထောက်ခံသည့် channle များအားလုံးက ဤဖြစ်စဉ်၏ သေဆုံးမှုအားလုံးသည် PDF များအဖြစ် ဖော်ပြထားသော်လည်း [စိတ်မချမ်းမြေ့ဖွယ်ရာ ရုပ်ပုံများပါဝင်သည်] ဗမာလွတ်မြောက်ရေး ဒီမိုကရက်တစ်တပ်ဦးက အခြားတမျိုးဖော်ပြသည်။ ဘုံတိုရှာသို့ တိုက်ခိုက်မှုတွင် PDF အဖွဲ့ဝင်အချို့နှင့်အတူ ကလေးငယ်များအပါအဝင် အရပ်သား ၂၂ ဦးကျော် သေဆုံးခဲ့သည်ဟု ဖော်ပြထားသည်။

Myanmar Witness မှ ဤအဆိုကို အထောက်အပံ့ပေးနိုင်သည့် အသုံးပြုသူများမျှဝေထားသည့် အခြားရုပ်သံများ ကို စိစစ်ခဲ့သည်။ သေဆုံးသူများကို စစ်ဆေးကြည့်ရာတွင် အမျိုးသမီးငယ်ဟုယူဆရသည့် ရုပ်အလောင်းတစ်ခုကို တွေ့ရသည်။ ထို့အပြင် ဗမာလွတ်မြောက်ရေး ဒီမိုကရက်တစ်တပ်ဦး၏ အဆိုပါမီးထွန်းပွဲ ဟုဖော်ပြထားသော ဗီဒီယိုတွင် မီးအိမ်များကိုင်ဆောင်ပြီး သီချင်းဆို၊ လမ်းလျှောက်နေသည့် ကလေးငယ်များ အပါအဝင် အသက်အရွယ်မျိုးစုံပါဝင်သည်ကို တွေ့နိုင်သည်။

အသုံးပြုသူတစ်ဦးမျှဝေထားသည့် ဗီဒီယိုတွင် ကလေးငယ်များအပါအဝင် အသက်အရွယ်အစုံ ရှိနေခြင်းကြောင့် သေဆုံးသူများအနက် PDF တပ်ဖွဲ့ဝင်များအပါအဝင် အရပ်သားအချို့ပါဝင်နေနိုင်သည်ဟု သုံးသပ်သည်။




ပုံ - ၁၀ နလအ ထောက်ခံသည့် သတင်း *channel* တစ်ခုမှ ဖြစ်စဉ်ဖြစ်ပွားခဲ့ခြင်းကို အသိမှတ်ပြုထားသလို *PDF* ထိန်းချုပ်မှုအောက်တွင် နေထိုင်နေသည့် အရပ်သားတစ်ဦးမှ နလအ ကိုသပိတ်အကြောင်း သတင်းပေးခဲ့သည်ဟု ဖော်ပြထားသည်။ *(သတင်းရင်းမြစ် - မှိုင်းဝေ, မှိုင်းဝေ နှင့် မှိုင်းဝေ)*

## ပုဂ္ဂလိကအချက်အလက်များကို ထုတ်ဖော်ခြင်း

၂၀၂၁ ခုနှစ် အာဏာသိမ်းစဥ်ကစပြီး ပုဂ္ဂလိကအချက်အလက်များကို ထုတ်ဖော်ခြင်းအား စစ်ကော်မရှင် ထောက်ခံသူများအကြား မကြာခဏအသုံးပြုနေသည်ကို မကြာခဏတွေ့ရသည်။

စစ်ကောင်မရှင်ကို ထောက်ခံသည့် Telegram channels များမှ စစ်တပ်ပါဝင်သည့် ဖြစ်စဥ်များ၊ စစ်ဆင်ရေးများကို အတည်ပြုထားခြင်းမရှိဘဲ အချက်အလက်များကို မျှဝေလေ့ရှိသည်။ ဥပမာအနေဖြင့် ၂၀၂၅ ခုနှစ် မေလ ၁၂ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ အိုးထိမ်းကွင်း(မြောက်)[22.65184975, 95.20942688] ရှိ စာသင်ကျောင်းအား လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီး channels များစွာမှ အဆိုပါစာသင်ကျောင်းကို ဗုံးပြုလုပ်ရန်အတွက် အသုံးပြုနေကြကြောင်း၊ ထို့အတွက် တိုက်ခိုက်မှုသည် တရားမျှတကြောင်း ဖော်ပြမှုများရှိခဲ့သည်။ ထိုကဲ့သို့သောပြောဆိုမှုများတွင် အသုံးပြုထားသည့်ဓာတ်ပုံများသည် အခြားအသုံးပြုသူများ မျှဝေထားသော တိုက်ခိုက်ခံရသည့်စာသင်ကျောင်းနှင့် တူညီသည့်အချက်များ မတွေ့ရှိရသဖြင့် ထိုပြောဆိုမှုများသည် မှန်ကန်နိုင်ခြေနည်းသည်။

ထို့အပြင် Myanmar Witness မှ စစ်တပ်၏ဒစ်ဂျစ်တယ်ထိုးစစ် (Pro-SAC Digital Offensive) အစီရင်ခံစာတွင် စစ်တပ်ထောက်ခံသည့် Telegram channel များမှ လွှမ်းမိုးမှုပြုလိုက်နိုင်ရန်အတွက် ပုဂ္ဂလိကအချက်အလက်များ ထုတ်ဖော်ခြင်းကို အသုံးပြုလေ့ရှိကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။

ဤကဲ့သို့သော ပုဂ္ဂလိကအချက်အလက်များ ထုတ်ဖော်မှုများသည် အာဏာသိမ်းပြီးစဥ်ကစပြီး စစ်တပ်၏ ကြေညာချက်များ၊ စစ်တပ်၏အင်အားသုံးမှုများကို တရားမျှတကြောင်းဖော်ပြမှုများနှင့် စစ်တပ်၏အာဘော်များကို ဖော်ပြရာ တွင် ပိုမိုအားကောင်းလာစေရန် အသုံးပြုလာကြသည်ကို မီးမောင်းထိုးပြနေသည်။